"ရွှေရိုး" ၏ "ဗမာ" ကို ဖတ်မိသောအခါ ခေတ်ရေယာဉ်ကြောတွင် တစ်နေ့တခြား ပျောက်ကွယ်လေခဲ့ပြီဖြစ်သော သိမ့်သမျှဗမာ့ရေးဟောင်း အစဉ်အလာများကို သတိရမိ၏။ ဥပမာအားဖြင့် ကျွန်တော်တို့ခေတ်ထက် များစွာ ရှေးကျသော ယခုစာအုပ်ပါ ရွှေရိုးတို့၏ မြန်မာ့အစဉ်အလာများကို ထားဦး၊ ကျွန်တော်တို့သိမီခဲ့သော မြန်မာ့အစဉ်အလာများသည်ပင် အချို့ပျောက်ကွယ်၍ အချို့ပျောက်ကွယ်လုခမန်း ရှိခဲ့ပေပြီ၊ အစဉ်အလာဆိုသည်မှာ မပြောင်းလဲဘဲ အမြဲတမ်းလက်စံကျင့်သုံးသွားဖို့ မဟုတ်သော်လည်း၊ အနည်းဆုံးအားဖြင့်တော့မှ ကိုယ့်ထုံးတမ်း၊ ကိုယ့်အစဉ်အလာကို သိထားဖို့ လိုပေလိမ့်မည်။

ကြီးမောင်

စကော့သည် ကျောင်းအုပ်ဘဝ၌ရှိစဉ် သူ့တပည့် မြန်မာကျောင်းသားများကို ဘောလုံးကစားနည်း သင်ပေးသည်။ မြန်မာနိုင်ငံ၌ အသင်းဖွဲ့၍ ဘောလုံးကစားခြင်း ထွန်းကားလာအောင် စတင် ဆောင်ရွက်ခဲ့လေသည်၊ ယင်းသို့ဆောင်ရွက်သည်ကို အခြားမျက်နှာဖြူများက တားမြစ်ကြသည်၊ မြန်မာတို့သည် စိတ်မြန်ကိုယ်မြန်ရှိသည်၊ ဒေါသဖြစ်လွယ်သည်၊ ဘောလုံးကစားခြင်းသည် မြန်မာတို့နှင့် မအပ်စပ်၊ မဖြစ်နိုင်ဟု ဆိုကြသည်၊ သို့သော် စကော့က မနားယူ၊ ကြိုးပမ်းဆောင်ရွက်ရာ အောင်မြင်ခဲ့လေသည်။

မင်းယုဝေ

ဗမာသည် မှတ်တမ်းတစ်စောင်အဖြစ် များစွာ အရေးကြီးသော စာအုပ်တစ်အုပ် ဖြစ်သကဲ့သို့ လွန်ခဲ့သော နှစ်ပေါင်း ၈၀ က နေထိုင်လှုပ်ရှားခဲ့သည့် ဗမာတို့ဘဝမှာ ထိုစာအုပ်ကြောင့် လေးစားမြတ်နိုးဖွယ်အဖြစ် သိရှိနားလည်နိုင်ကြပေတော့မည်။ အထူးသဖြင့် ယနေ့ကာလနှင့် လုံးဝမတူတော့သော ပြောင်းလဲမှုများကို သူ့စာအုပ်ထဲတွင် တွေ့ရပေမည်။

ဂျွန်ကောမတ္တရေး